# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၅၀ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၉ - ၅ - ၂၀၁၅ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၅၀ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ဖလမ်းမြို့နယ်၊ ဗားလုံ ကျေးရွာတွင် မြန်မာနိုင်ငံရဲစခန်းတစ်ခု ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **အစိုးရ၏ နိုင်ငံဖွံ့ဖြိုး တိုးတက်လာရန်အတွက် ပထမအဆင့် (First Wave) ပြုပြင်ပြောင်းလဲရေး၊ ဒုတိယအဆင့် (Second Wave) ပြုပြင်ပြောင်းလဲရေး၊ တတိယအဆင့် (Third Wave) အရှိန်အဟုန်မြှင့် ပြုပြင်ပြောင်းလဲရေး** တို့နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း၊

(ဂ) ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **လှည်းကူးမြို့နယ်၊ ဟိုင်းကူးကျေးရွာအတွင်းရှိ နိုင်ငံတော်ပိုင် ချောင်းကောမြေအား ကျူးကျော်ဝင်ရောက် ထွန်ယက်နေသူများနှင့် ကုန်ထုတ်လမ်းအား ပိတ်ဆို့ကာရံထားသူများကို တားမြစ်ဖယ်ရှားပေးရန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော ကုန်ထုတ်လမ်းနှင့် အားကစားကွင်း၊ ကျေးရွာတွင် မရှိမဖြစ်သည့် သုသာန်(သချိုင်းမြေ)တို့ကို ပြန်လည်ဖော်ထုတ် စီမံဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် ပြည်သူများ၏ ငွေကြေးကို လိမ်လည်လှည့်ဖျား၍ အပိုင်စီးသွားနိုင်ဖွယ်ရှိသော ပြည်တွင်းပြည်ပ ကုမ္ပဏီများအား မူလကပင် မှတ်ပုံတင်ခွင့် မပေးသင့်ကြောင်းနှင့် ကုမ္ပဏီတည်ထောင်ပြီးနောက် ၎င်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေးကြည့်ရှုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ **ချင်းတိုင်းရင်းသား တီးတိန်ချင်းလူမျိုးနွယ်စု (zolai) စာပေဖြင့် သတင်းစာထုတ်ဝေခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၅၀ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၅၁ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။